


# ဆူနာမီအန္တရာယ်အကြောင်း
# သိကောင်းစရာ
# ပုံပြောခြင်းဖြင့်သင်ယူမှာ



ဆူနာမီ သဘာဝဘေးအန္တရာယ်
အကြောင်းနဲ့ ပတ်သတ်၍
ဘယ်လို ကြိုတင်ကာကွယ်ရမည်
ဆိုသည့်အကြောင်းကို
ပုံပြင်လေး တစ်ပုဒ် အနေနဲ့
လေ့လာကြရအောင်။





ရှေးရှေးတုန်းက အရမ်းကိုလှပပြီး သာယာတဲ့ ရွာလေးတစ်ရွာ ရှိသတဲ့ကွယ်။ အဲဒီရွာလေးရဲ့ အနောက်ဘက်မှာဆိုရင် ပင်လယ်ရှိပြီး ရွာရဲ့အရှေ့ဘက်မှာ တောင်တန်းကြီးတွေ ကာရံထားသတဲ့ကွယ်။ ရွာကလေးရဲ့ အမည်ကတော့ ကမ်းခြေဦးလို့ ခေါ်သတဲ့ကွယ်။

ကမ်းခြေဦးရွာမှာရှိတဲ့ ရွာသားတွေဟာဆိုရင် တစ်ယောက်နဲ့တစ်ယောက် အရမ်းရင်းနှီးကြပြီး မိသားစုသဖွယ်နေထိုင်ကြပါတယ်။ ရွာရဲ့တောင်ပိုင်းတွင် ယမင်းဆိုတဲ့ အမည်နဲ့ ကလေးမလေးတစ်ယောက် ရှိသတဲ့ကွယ်။




ယမင်းဟာဆိုရင် ငယ်ငယ်ကတည်းက မိဘနှစ်ပါးစလုံး ဆုံးပါးသွားပြီး အဘွားအိုရဲ့ ကျွေးမွေးပြုစုမှုနဲ့ ကြီးပြင်းလာခဲ့ပါတယ်။ ယမင်းလေးဟာ အလွန်သိတတ်လိမ္မာသဖြင့် ရွာမှာရှိတဲ့လူတွေအားလုံးက သူ့ကို သနားကြသလို အများစုရဲ့ ချစ်ခင်မှုကို ခံရတဲ့သူလည်း ဖြစ်ပါတယ်။

ယမင်းလေးဟာ ကျောင်းမှာဆိုရင်လဲ စာတော်တဲ့အတွက် ဆရာ၊ ဆရာမတွေရဲ့ ချစ်ခင်မှုကို ခံရတာပေါ့ကွယ်။




ယမင်းလေးဟာ တစ်နေ့မှာတော့ အဘွားအိုဖွင့်ထားတဲ့ ရေဒီယိုကနေ ထူးခြားတဲ့ သတိပေးချက်တစ်ခုကို ကြားလိုက်ရပါတယ်။ အဲဒီသတင်းကတော့ ဆူနာမီဘေး ကျရောက်နိုင်တဲ့အတွက် သတိနဲ့ နေရမယ်ဆိုတဲ့အကြောင်းပဲ ဖြစ်ပါတော့တယ်။


2017

ဆူနာမီကျရောက်မဲ့ သတိပေးချက်တွေ ကြားရတဲ့အခါမှာတော့ ယမင်းလေးဟာ အရမ်းကိုစိုးရိမ်ပြီး ရွာထဲမှာရှိတဲ့ သူငယ်ချင်းတွေကို ပြောပြဖို့ ထွက်လာခဲ့ပါတယ်။

လမ်းခုလတ်ရောက်တဲ့အခါမှာ သူ့ရဲ့သူငယ်ချင်း ဝေဖြိုးကို လမ်းမှာတွေ့ပြီး ဆူနာမီကျရောက်မဲ့အကြောင်းတွေ၊ သတိနဲ့နေဖို့၊ ပင်လယ်ပြင်မှာ ငါးဖမ်းသွားမယ့်သူတွေကို မသွားရန် တားဖို့၊ ဆူနာမီ ရေလှိုင်းတက်လာပါက တောင်ကုန်းပေါ်သို့ ကြိုတင်ရွှေ့ပြောင်းထားဖို့နဲ့ ဆူနာမီ ရှေ့ပြေးလက္ခဏာတွေကို ပြောပြပါတော့တယ်။



ဝေဖြိုးဟာ ယမင်းပြောတာကို စိတ်ဝင်စားသွားပြီး ဟုတ်ပြီ ဒါဆိုရင်တော့ ရွာက အုပ်ချုပ်ရေးမှူးကို သွားပြောပြကြမယ်လေ။ ကောင်းပြီ. . . ဒါဆို သွားကြမယ်။

ယမင်းနဲ့ဝေဖြိုးတို့နှစ်ယောက်သား ရွာကအုပ်ချုပ်ရေးမှူးအိမ်ကို ရောက်သွားပါတော့တယ်။

အုပ်ချုပ်ရေးမှူးအိမ်ရောက်တော့ ဘဘရေ အရေးကြီးသတင်း ပြောစရာရှိတယ်။ ဘာတုန်း. . . ကဲ. . . ပြောပါဦး။

မနက်တုန်းက ရေဒီယိုထဲမှာ ဆူနာမီ ဘေးအန္တရာယ်ကျရောက်မယ့်သတင်း ကြေညာထားတယ်။ သေချာအောင် သတင်းနားထောင်ပြီး ရွာကလူတွေကို သတိပေးထားရင် မကောင်းဘူးလား။

ကောင်းတာပေါ့. . . ဟုတ်ပြီ. . . ဒါဆို မြို့နယ်ကိုလည်း ဖုန်းဆက်ပြီး လှမ်းမေးမယ်။ သေချာရင်တော့ ရွာသားတွေကို သတိပေးလိုက်မယ်။ ကဲ. . . ဒီမှာ မုန့်စားသွားကြဦး။

ပြောပြောဆိုဆိုနဲ့ အုပ်ချုပ်ရေးမှူးအိမ်မှ မုန့် တစ်ယောက်တစ်ခုစီယူပြီး အိမ်ပြန်လာကြတယ်။



ကျေးရွာအုပ်ချုပ်ရေးမှူးကတော့ မြို့နယ်ကို သတင်းမေးပြီး မြို့နယ်ရဲ့ ပြန်ကြားချက်အရ သတင်းသည် မှန်ကန်ကြောင်း၊ ကြိုတင်ပြင်ဆင်မှု လုပ်ရမည့်အကြောင်း ညွှန်ကြားခဲ့ပါတယ်။



ဒီလိုနဲ့ ဆူနာမီ လာမယ့်သတင်းကို ရွာဆော်မှတစ်ဆင့် တစ်ရွာလုံး သတင်းရပြီးသည့်သကာလ အားလုံး တောင်ပေါ်သို့ ရွှေ့ပြောင်းကြတယ်။

ရွာသားတွေအားလုံး တောင်ပေါ်သို့ ပြောင်းရွှေ့ပြီး မကြာမီအချိန်မှာပင် ဆူနာမီ လှိုင်းလုံးများ ရောက်ရှိလာပြီး ကမ်းခြေဦး ကျေးရွာတစ်ခုလုံး ပျက်စီးသွားခဲ့ပါတယ်။ သို့ပေမဲ့ ရွာမှာရှိတဲ့ လူတွေကတော့ ဆူနာမီ ဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့ပါတယ်။



# ဆူနာမီဆိုတာ ဘာလဲ ?

**ဆူ** = ကမ်းခြေ
**နာမီ** = ကြီးမာသော ရေလှိုင်း
**ဆူနာမီ** = ကမ်းခြေသို့ ရိုက်ခတ်လာသော ကြီးမားသည့် ရေလှိုင်း။

# ကြိုတင်ပြင်ဆင်ရန်


၁) ရေဒီယိုသတင်းများကို ဂရုတစိုက် နားထောင်ပါ။
၂) ကမ်းခြေတစ်လျှောက် ဒီရေတောပင်များ စိုက်ပါ။
၃) ဆူနာမီ သတိပေးစနစ် ထားရှိပါ။ ဇာတ်တိုက် လေ့ကျင့်ခန်းများ ပြုလုပ်ထားပါ။

# ဆူနာမီ၏ ရှေ့ပြေးလက္ခဏာ

**လှုပ်** = ငလျင်ကြီး လှုပ်ရှားမှုကို ခံစားရခြင်း။
**ကျ** = ပင်လယ်ရေမျက်နှာပြင် ထူးကဲစွာ ရုတ်တရက် ကျဆင်းပြီး ပင်လယ်ကြမ်းပြင်များ ပေါ်လာခြင်း။
**အော်** = ပင်လယ်ပြင်မှတော်လဲသံကဲ့သို့အော်သံကြားခြင်း။
**ပြေး** = ဘေးလွတ်ရာသို့အမြန်ဆုံး ရှောင်ပြောင်းခြင်း။

# ဆူနာမီလက္ခဏာများကို သတိပြုမိပါက

၁) ကမ်းခြေမှ အနည်းဆုံး မီတာ ၈၀၀ အကွာအဝေးမှသာ လုံခြုံမှုရှိနိုင်ပါသည်။
၂) အပြေးနိုင်ပါက သစ်ပင်အမြင့်ထက်သို့ တက်ရောက်နေထိုင်ပါ။
၃) ကား၊ ရထား မြေနိမ့်အဆောက်အအုံများအပေါ်တွင် နေခြင်းသည် ဘေးမကင်းပါ။ မနေသင့်ပါ။
၄) လှေ၊ သင်္ဘောများသည် ကမ်းခြေမှာထက် ပင်လယ်ထဲတွင် ပိုပြီး လုံခြုံမှုရှိပါသည်။ ကမ်းသို့ မကပ်ပါနှင့်။
၅) ဆူနာမီလှိုင်းများသည် ဆက်တိုက်လာတတ်သည်။ အကာအကွယ် ယူထားသော နေရာမှ ရုတ်တရက် ထွက်ခွာခြင်း မပြုရ။



PLAN INTERNATIONAL

SWEDEN

LANTHIT FOUNDATION

This book has been financed by the Government of Sweden. Responsibility for the content lies entirely with the creator. The Government of Sweden does not necessarily share the expressed view and interpretations.

လမ်းသစ်ဖောင်ဒေးရှင်း (Lanthit Foundation) နှင့် Plan Myanmar တို့ပူးပေါင်း၍ Swedish International Development Cooperation Agency (Sida) မှ ပံ့ပိုးမှုဖြင့် ဤပုံပြစာအုပ်ကို အသိပညာပေး ထုတ်ဝေပါသည်။